**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.com Email: cnf.headquarters@gmail.com


# (၃၆) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့

၁။ ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့သည် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ် ချေမှုန်းပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းလဲန်းတည်ဆောက်ရေး၊ နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဝင်လာခဲ့သည့်(၃၆)နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ဖြစ်သည်။ တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြသည့် အာဇာနည်များ၊ ကိုယ်အင်္ဂါတစိတ်တပိုင်းကို ပေးလှူသွားကြသည့် သူရဲကောင်းများအား ဦးညွတ် ဂါ၀ရပြုပါသည်။ တော်လှန်ရေးတွင် ချင်းပြည်သူများ၏ စွန့်လွှတ် အနစ်နာခံမှု၊ ပေးဆပ်မှုများအပေါ်ဂုဏ်ယူ လေးစားကြောင်းနှင့် စစ်အာဏာရှင်တစု၏ အကြမ်းဖက်မှုကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံး၍ လူမှုဒုက္ခမျိုးစုံကို ရင်ဆိုင်ခံစားနေကြသည့် မိဘပြည်သူများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်နှလုံး ငြိမ်သက်ခြင်း ခံစားစေကြောင်းဆန္ဒပြုပါသည်။

၂။ ယနေ့ကာလသည် ချင်းလဲန်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေး မဏ္ဍိုင်များဖြင့် ချင်းအမျိုးသားနှင့် ချင်းလဲန်းကို တည်ဆောက်နေချိန်ဖြစ်သည်။ ထိုသို့ တည်ဆောက်နေချိန်တွင် မဏ္ဍိုင်အသီးသီး၏ လုပ်ငန်းယန္တယားများအပေါ် ဟန့်တားနှောင့်ယှက်သည့်လုပ်ရပ်မှန်သမျှကို ချင်းပြည်သူနှင့်အတူ တွန်းလှန်ဖယ်ရှားသွားမည်ဖြစ်ပြီး နိုင်ငံရေး ရပ်တည်ချက်တူညီသော နိုင်ငံ၊ အစိုးရ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ နွေဦးတော်လှန်ရေးကာလ နိုင်ငံရေး၊ စစ်ရေးနှင့် ပြည်တွင်းစီးပွားရေး အကြပ်အတည်းကို အခွင့်ကောင်းယူလျက် ချင်းလဲန်း နှင့် တဖက် မီဇိုရမ်ပြည်နယ်များတွင် မူးယစ်ဆေးဝါးများ မှောင်ခို ရောင်းဝယ် ဖောက်ကားမှုများအပေါ် အဖွဲ့အစည်း အသီးသီးနှင့် ပူးပေါင်းပြီး ထိရောက်စွာ အရေးယူတိုက်ဖျက်သွားမည်ဖြစ်သည်။

၄။ အကြမ်းဖက် စစ်ကောင်စီသည် နွေဦးတော်လှန်ရေးတွင် အင်အားပြုန်းတီးမှုများပြားလွန်းခြင်း၊ နိုင်ငံတကာနှင့် ပြည်သူလူထု၏ အားပေးထောက်ခံမှုမရှိခြင်း၊ စစ်အင်အားမတည်ဆောက်နိုင်တော့ခြင်းစသည့် နိုင်ငံရေး၊ စစ်ရေး အကြပ်အတည်းများကြောင့် စစ်အာဏာရှင် တည်မြဲရေးအတွက် စစ်မှုမထမ်းမနေရ ဥပဒေ(၂၀၁၀)ကို အသက်သွင်းပြီး အကောင်အထည် စတင် ဖော်ဆောင်နေပြီဖြစ်သည်။ ထို့ကြောင့် စစ်မှုမထမ်းမနေရ ဥပဒေနှင့် အကျုံးဝင်နေသူများအနေဖြင့်CNF/CNA ထံအချိန်မှီ ပူးပေါင်းပါဝင်လာကြပါရန်တိုက်တွန်းနှိုးဆော်လိုပေသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**Contact: + 918798565564**